ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

ရက်စွဲ။ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်

အကြောင်းအရာ။ **ASEAN-Japan** လွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည်ဖော်မှုတွင် ပင်ရင်းဒေသထွက် ကုန်စည်များအတွက် **Country of Origin (CO form AJ)** များ စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း အသိပေးကြေငြာခြင်း။

၁။ အာဆီယံ-ဂျပန် လွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည် ဖော်နိုင်ရန်အတွက် အာဆီယံ-ဂျပန် ဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အဘောတူစာချုပ်ကို (၁-၁၂-၂၀၀၈) နေ့တွင် စတင်အကောင်အထည်ဖော်မည်ဖြစ်ပါသည်။

၂။ အဆိုပါ စာချုပ်အရ ဂျပန်နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ၎င်းတို့နှင့် ကုန်သွယ်မှုပြုနေသည့် ကုန်စည်များအပေါ် အကောက်ခွန်လျှော့ချပေးမည် ဖြစ်ပါသည်။

၃။ ၎င်းအကောက်ခွန်လျှော့ပေါ့ ပယ်ဖျက်ပေးမှုကို မြန်မာနိုင်ငံရှိ ပို့ကုန်လုပ်ငန်းရှင်များ အကျိုးခံစားခွင့် ရရှိနိုင်ရေးအတွက် ASEAN – Japan (CO Form – AJ) များကို (၁-၁၂-၂၀၀၈) ရက်နေ့မှစ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ပေးနေပြီဖြစ်၍ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော်နှင့် ရန်ကုန်ရုံးခွဲတွင် လျှောက်ထားရယူနိုင်ပြီဖြစ်ပါသည်။

၄။ မြန်မာ့ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့်အာဆီယံ - ဂျပန် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်အရ အကောက်ခွန်လျှော့ပေါ့ပယ်ဖျက်ပေးသည့် အခွင့်အရေးကို ထိရောက်စွာ အသုံးချ၍ ဂျပန်နိုင်ငံသို့ ပို့ကုန်များတိုးမြှင့်တင်ပို့နိုင်ရန် အသိပေးကြေငြာအပ်ပါသည်။

ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန